# ၂၀၁၀ ခုနှစ်အတွင်း ထုတ်ပြန်ခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ကြေညာချက်များ။

| စဉ် | ရက်စွဲ | ကြေညာချက် | အမှတ်စဉ် | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ၄-၁-၂၀၁၀ | ကြေညာချက် | ၁/၀၁/၁၀ | (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကြေညာချက်။ |
| ၂။ | ၁၄-၁-၂၀၁၀ | ကြေညာချက် | ၂/၀၁/၁၀ | ဗဟိုအလုပ်အမှုဆောင်အဖွဲ့အား တိုးချဲ့ တာဝန်ပေးအပ်ကြောင်း ကြေညာချက်။ |
| ၃။ | ၁၂-၂-၂၀၁၀ | ကြေညာချက် | ၃/၀၂/၁၀ | ပြည်ထောင်စုနေ့ကြေညာချက်။ |
| ၄။ | ၁၇-၂-၂၀၁၀ | ကြေညာချက် | ၄/၀၂/၁၀ | ဒုတိယဥက္ကဋ္ဌ ဦးတင်ဦး ၁၃-၂-၂၀၁၀ ရက် နေ့တွင် နေအိမ်အကျယ်ချုပ်မှ ပြန်လည်လွတ်မြောက်လာသည့်အတွက် လှိုက်လှဲစွာကြိုဆိုကြောင်း ကြေညာချက်။ |

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ်(၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၁၀ ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်
၁၃၇၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် (၅)ရက်

## ကြေညာချက်အမှတ် – ၁ / ၀၁ / ၁၀

ယနေ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ဖြစ်သည်။ ကျွန်ုပ်တို့မှီတင်းနေထိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ကမ္ဘာ့အလယ်တွင် လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံတော်အဖြစ် ပေါ်ပေါက်လာခဲ့သည်မှာ (၆၂)နှစ်ပြည့်ပြီ ဖြစ်ပေသည်။

မိမိတို့ ပြည်ထောင်စုမြန်မာနိုင်ငံသည် နှစ်ပေါင်းထောင်ကျော်ကာလကပင် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် လွတ်လပ်စွာအုပ်ချုပ်လျက် အထင်ကရတည်ရှိခဲ့သော နိုင်ငံတစ်နိုင်ငံ ဖြစ်ခဲ့သည်။ ဤကဲ့သို့ နေထိုင်ခဲ့ကြရင်းမှ နိုင်ငံတော်ကို ဦးဆောင်ခဲ့သော ပုဂ္ဂိုလ်များအချင်းချင်း၊ အဖွဲ့အုပ်စုအချင်းချင်း မညီညွတ်ခဲ့ကြခြင်းများ ဖြစ်ခဲ့သည်။ ထီးနန်းမပျောက်မီ ဆယ်စုနှစ်အတွင်းတွင် ထီးမွေနန်းလျာများကြား၌ နန်းလုပွဲများဖြစ်ခဲ့ခြင်း၊ မှူးကြီးမတ်ရာများကြားတွင် အာဏာလုခြင်း စသည်တို့မှာ အဆက်မပြတ် ဖြစ်လာခဲ့ကြသည်။ နိုင်ငံတော်၏ အရေးကိစ္စများကို အလေးမထားဘဲ မိမိ၏ ရာထူး၊ အာဏာ တည်မြဲရေးကိုသာ အရေးထားအားထုတ်ခဲ့ကြသည်။ ထိုသို့ စည်းလုံးညီညွတ်မှု ပြိုကွဲခဲ့ခြင်းကြောင့် (၁၈၈၆)ခုနှစ် ဇန်နဝါရီလ (၁)ရက်နေ့မှစ၍ နယ်ချဲ့တို့၏ ကိုလိုနီနိုင်ငံတစ်ခုအဖြစ်သို့ ကျရောက်ခဲ့ပြီး ထီးနန်းနှင့်အတူ လွတ်လပ်ရေးပါ ဆုံးရှုံးခဲ့ရသည်။

သို့သော် မြန်မာမျိုးချစ်ခေါင်းဆောင်များသည် လက်နက်ချင်းမယှဉ်သာအောင် ကွာဟနေသော နယ်ချဲ့များကို မြန်မာ့သွေး၊ မြန်မာ့သတ္တိတို့ဖြင့် အသက် သွေး ချွေးတို့ကို စွန့်လွှတ်ရင်းနှီးလျက် နိုင်ငံအနှံ့အပြားတွင် နှစ်ပေါင်းများစွာ ရှုပ်ရှုပ်ချုံချုံ ခုခံတွန်းလှန်တိုက်ခိုက်ခဲ့ကြသည်။ သို့ရာတွင် ထိုသို့တိုက်ခိုက်မှုများအကြား၌ မိမိတို့အချင်းချင်း ဆက်စပ်မှု၊ ညှိနှိုင်းမှုဟူ၍ မရှိခဲ့ခြင်း၊ တစ်စုတစ်ဖွဲ့တည်း မစုစည်းနိုင်ခဲ့ခြင်း၊ ခေါင်းဆောင်မှုကင်းမဲ့ခြင်းတို့ကြောင့် အောင်မြင်မှုမရရှိခဲ့ကြပေ။ နှစ်ဆယ်ရာစုနှစ် အစပိုင်းများမှစ၍ အမျိုးသားရေးစိတ်ဓာတ်များ ပြန်လည်နိုးကြားလာပြီး၊ အမျိုးသားလှုပ်ရှားမှုများ စတင်ပေါ်ပေါက်လာခဲ့သော်လည်း ခိုင်မာသော ညီညွတ်ရေးတည်ဆောက်မှု မရရှိခဲ့ဘဲ အချင်းချင်း အကွဲအပြဲများဖြင့်သာ လွှမ်းမိုးခဲ့သည်မှာ ဒုတိယကမ္ဘာစစ်ကြီးအထိပင်ဖြစ်သည်။

ဒုတိယကမ္ဘာစစ်ကြီးကာလတွင် ဖက်ဆစ်လက်အောက်သို့ကျရောက်စဉ် အမျိုးသားခေါင်းဆောင်ကြီး၊ လွတ်လပ်ရေးဗိသုကာကြီး၊ တပ်မတော်ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက အမျိုးသားညီညွတ်ရေးကို စတင်ထူထောင်နိုင်ခဲ့ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် (ဖ တ ပ လ)၏ နောက်တွင် တစ်နိုင်ငံလုံး စည်းလုံးညီညွတ်စွာဖြင့် ဖက်ဆစ်တော်လှန်ရေးကို ဆင်နွှဲခဲ့ကြသည်။ ပြည်ထောင်စုဖွားတိုင်းရင်းသားများအားလုံးသည် လူမျိုးမရွေး၊ ဘာသာမရွေး၊ ကျား–မ ကြီးငယ်မဟူ နိုင်ငံရေးအသွေးအရောင်မခွဲခြားဘဲ မိမိတို့ကျရာတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခြင်းဖြင့် မကြုံစဖူး တက်ကြွစွာ ပါဝင်ဆင်နွှဲခဲ့ကြသည်။

မိမိတို့တိုင်းပြည်မှ ဖက်ဆစ်များဆုတ်ခွာကြပြီးနောက် ကိုလိုနီနယ်ချဲ့တို့က အုပ်ချုပ်ရေးပုံစံအမျိုးမျိုးဖြင့် ပြန်လည်ဝင်ရောက်လာခဲ့ကြသည်။ သို့သော် ထိုအချိန်တွင် လွတ်လပ်ရေးဆိုသည်ကို မျှော်မှန်းနိုင်လောက်သည့် အခြေအနေသို့ ရောက်နေပြီဖြစ်သည်။ လွတ်လပ်ရေးကို မည်သို့မည်ပုံရရှိအောင် ဆောင်ရွက်မည်ဆိုသည်မှာလည်း အရေးပါလာပြီဖြစ်သည်။ ဤသို့သောအခြေအနေမျိုးတွင် ဗမာ့လွတ်လပ်ရေးတပ်မတော်၊ ဗမာ့ကာကွယ်ရေးတပ်မတော်၊ မျိုးချစ်တပ်မတော် စသည့် အသွင်အမျိုးမျိုးဖြင့် တပ်မတော်ကိုထူထောင်၍ နယ်ချဲ့နှင့်ဖက်ဆစ်တို့ကို လက်ရုံးရည်ဖြင့် တော်လှန်ကာ အောင်ပွဲရရှိခဲ့ပြီး တစ်မျိုးသားလုံးကို ဦးဆောင်ခဲ့သော ဗိုလ်ချုပ်အောင်ဆန်းသည် အမျိုးသားခေါင်းဆောင်ကြီးပီပီ နှလုံးရည်အပြည့် အမျှော်အမြင်ကြီးစွာဖြင့် ဆက်လက်ခေါင်းဆောင်ခဲ့သည်။ တိုင်းရင်းသားများ အပါ

အဝင် မြန်မာနိုင်ငံသားအားလုံးကလည်း စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ဗိုလ်ချုပ်အောင်ဆန်း၏ ခေါင်းဆောင်မှုနောက်တွင် "ရေကိုသား အကြားမထင်"သကဲ့သို့ လိုက်ပါလာခဲ့ကြသည်။

လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းက ၁၉၄၆ ခုနှစ်၊ ဇန်နဝါရီလ (၂၀)ရက်နေ့တွင် ကျင်းပခဲ့သည့် ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် (ဖ–တ–ပ–လ)၏ နိုင်ငံလုံးဆိုင်ရာ ညီလာခံကြီးတွင် . . .

> "× × × ဤအချိန်၊ ဤအခါ၌ ကမ္ဘာပေါ်တွင် လုံးဝလွတ်လပ်သော အချုပ်အခြာအာဏာပိုင် သဘောရှိသော နိုင်ငံဟူ၍ ကမ္ဘာအရပ်ရပ်တွင် မရှိတော့ချေ။ × × × လွတ်လပ်သော နိုင်ငံကြီးငယ် အသွယ်သွယ်တို့သည်လည်း အထီးတည်း လွတ်လွတ်လပ်လပ် လုံလုံခြုံခြုံ နေခြင်းငှာ မစွမ်းတော့ချေ။ × × ×"

ဟုလည်းကောင်း၊

> "× × × အမျိုးသားညီညွတ်ရေးဆိုတာ ဘယ်ကဲ့သို့သော ညီညွတ်ရေးကို ခေါ်ပါသနည်းဟု မေးရပေလိမ့်မည်။ အမျိုးသားညီညွတ်ရေးဆိုသည်မှာ ခေါင်းဆောင်များသာ ညီညွတ်ခြင်းကိုမဆိုလို၊ လူမျိုး၊ ဘာသာ၊ ယောကျာ်း၊ မိန်းမ၊ ဂိုဏ်းဂဏမရွေး တနိုင်ငံလုံး၊ ပြည်သူပြည်သား လူထုတခုလုံး အပြောမဟုတ်၊ အလုပ်နှင့်တကွ အမျိုးသားတို့၏ အလိုဆန္ဒများကို ပြည့်ဝနိုင်ရန် အမျိုးသားတို့၏ လုပ်ငန်းများတွင် သောင်းသောင်းဖြဖြ စိတ်ရောကိုယ်ပါ ညီညွတ်ကြသည်ကို ဆိုလိုသည်။ × × ×"

ဟုလည်းကောင်း မိန့်ကြားခဲ့ပေသည်။

ဤကဲ့သို့ မိန့်ကြားခဲ့သည့်အတိုင်း ပြည်သူလူထုတရပ်လုံး ပါဝင်သည့် အမျိုးသားညီညွတ်ရေးကို ထူထောင်နိုင်ခဲ့သဖြင့် ဖ–ဆ–ပ–လ အဖွဲ့ချုပ်ကြီး၏ ဦးဆောင်မှုနောက်တွင် တစ်တိုင်းပြည်လုံး စည်းစည်းလုံးလုံး ချီတက်ခဲ့ကြသည်။ ထို့ကြောင့် တိုင်းရင်းသားကိုယ်စားလှယ်များနှင့် ဆွေးနွေးညှိနှိုင်းပြီး သဘောတူညီချက်ဖြင့် သမိုင်း မော်ကွန်းဝင် ပင်လုံစာချုပ်ကြီးကို ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂)ရက်နေ့တွင် အောင်မြင်စွာ ချုပ်ဆိုနိုင်ခဲ့သည်။ ထို့နောက် တိုင်းပြည်ပြုလွှတ်တော်ကိုလည်း အောင်မြင်စွာ ရွေးကောက်တင်မြှောက်လျက် ဖွဲ့စည်းနိုင်ခဲ့သည်။ ထိုတိုင်းပြည်ပြုလွှတ်တော်က ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ၁၉၄၇ ခုနှစ်၊ စက်တင်ဘာလ (၂၄)ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းပြီးနောက် လွတ်လပ်ရေးကို ရယူနိုင်ခဲ့ခြင်းဖြစ်ပေသည်။

ဤသင်ခန်းစာများကို ပြန်လည်စိစစ် လေ့လာကြည့်မည်ဆိုပါလျှင် နိုင်ငံတော်တွင် စည်းလုံးညီညွတ်မှုပြိုကွဲခဲ့သဖြင့် နိုင်ငံ၏ ထီးနန်းပါပျောက်လျက် လွတ်လပ်ရေးကြီး ဆုံးရှုံးခဲ့ရပြီး၊ ဤသို့ ဆုံးရှုံးခဲ့ရသော လွတ်လပ်ရေးကြီးကို စည်းလုံးညီညွတ်မှု အင်အားဖြင့်ပင် တစ်ဖန်ပြန်လည်ရယူနိုင်ခဲ့သည်ကို တွေ့မြင်ရပေသည်။ ထို့ကြောင့် စည်းလုံးညီညွတ်သော ပြည်သူလူထု၏အင်အားဖြင့် မည်သည့်ပြဿနာ အခက်အခဲ အကျပ်အတည်းများကိုမဆို ဖြေရှင်းနိုင်မည်ဆိုသည်မှာ ယုံမှားသံသယဖြစ်ဖွယ်ရာ မရှိပါ။ အမျိုးသားစည်းလုံးညီညွတ်မှု ပြိုကွဲနေပါလျှင် တိုင်းပြည်၏လွတ်လပ်ရေး ပြန်လည်ရရှိရန်မဆိုထားဘိ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့် ပြဿနာများကို လုံးဝ ဖြေရှင်းနိုင်မည်မဟုတ်ကြောင်း အထူးတလည် သင်ခန်းစာယူကြရမည်ဖြစ်ပေသည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်၌ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသော ကဏ္ဍအသီးသီး၌ အခက်အခဲ အကျပ်အတည်းများနှင့် ကြုံတွေ့နေကြရသည်။ ယင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ယိုယွင်းကျဆင်းမှုများကြောင့် တိုင်းပြည်၏အခြေအနေမှာ အမှန်တကယ် အလွန်ဆိုးဝါးလာနေပြီဖြစ်သည်။ ဆင်းရဲချမ်းသာကွာဟမှုများ ကြီးမားနက်ရှိုင်းနေပြီး ပြည်သူလူထုအများစုမှာ စားဝတ်နေရေး အခက်အခဲ အကျပ်အတည်းများ ပိုမိုကြုံတွေ့ ခံစားနေကြရသည်။ ထို့ကြောင့် ယင်းစီးပွားရေးအကျပ်အတည်းများအတွက် အကူအညီများရရှိရန်အပြင်၊ ခုခံအားကျဆင်းမှုကူးစက်ရောဂါ၊ တီဘီအဆုပ်နာရောဂါ၊ ငှက်ဖျားရောဂါ၊ ကမ္ဘာ့လူတုပ်ကွေးရောဂါ၊ ကလေးများအာဟာရချို့တဲ့မှုရောဂါများသည် ပြည်သူလူထုအများစုကြီးအတွက် အသက်ဘေးနှင့်ရင်ဆိုင်နေကြရသော အန္တရာယ်ကြီးများဖြစ်နေသဖြင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများရရှိရန်တို့ကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် တာဝန်သိသိ ပူးပေါင်းဆောင်ရွက်၍ ဝိုင်းဝန်းဖြေရှင်းကြရန် အထူးလိုအပ်ပါသည်။ ထိုပြဿနာများကို နိုင်ငံတော်အတွင်းရှိ အင်အားစုများအားလုံးက စည်းလုံးညီညွတ်စွာဖြင့် မနှေးအမြန် ဝိုင်းဝန်းဖြေရှင်းကြရမည် ဖြစ်ပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ခေါင်းဆောင် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်က "မြန်မာနိုင်ငံအပေါ် အရေးယူ

ပိတ်ဆို့ထားမှုများကိုရုပ်သိမ်းရေးကိစ္စ နောက်ဆက်တွဲတင်ပြခြင်း"နှင့်စပ်လျဉ်း၍ ၂၀၀၉ ခုနှစ်၊ နိုဝင်ဘာလ (၁၁)ရက်နေ့စွဲဖြင့် ပေးပို့သည့်စာတွင် . . .

> "အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ စုံညီတွေ့ဆုံပြီးနောက် နိုင်ငံတော်အတွက် အကျိုးကျေးဇူးရှိမည့် လုပ်ငန်းများကို ကျွန်မအနေဖြင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ပူးပေါင်းဆောင်ရွက်လိုပါကြောင်း တင်ပြအပ်ပါသည်။"

ဟုလည်းကောင်း၊

> "ကျွန်မအနေဖြင့် နိုင်ငံတော်အတွက် အကျိုးကျေးဇူးရှိမည့် လုပ်ငန်းများအတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်စပ်လျဉ်းပြီး ဗိုလ်ချုပ်မှူးကြီးနှင့် တွေ့ဆုံတင်ပြခွင့်ပြုပါရန် အထူးမေတ္တာရပ်ခံအပ်ပါသည်။"

ဟုလည်းကောင်း အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ကောင်းမွန်သောစိတ်ထား၊ ဖြူစင်သောစေတနာတို့ဖြင့် ကမ်းလှမ်းခဲ့ပြီးဖြစ်ပါသည်။

တစ်ဖန် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဦးတည်လျက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် တာဝန်ရှိသည်နှင့်အညီ ပြည်သူလူထုက ၎င်းတို့ကိုယ်စား လုပ်ပိုင်ခွင့်အာဏာ (Mandate) အပ်နှင်းထားသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ အခြားသော တိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ်များနှင့် နိုင်ငံရေးအနှစ်သာရပြည့်ဝသော တွေ့ဆုံဆွေးနွေးပွဲများကျင်းပလျက် တိုင်းပြည်၏ ပစ္စုပ္ပန်နှင့် အနာဂတ်အကျိုးစီးပွားများကို မျှော်ကိုး၍ စုပေါင်းအဖြေရှာကြပါရန် မလွဲမသွေ လိုအပ်ပါသည်။ တွေ့ဆုံဆွေးနွေး ညှိနှိုင်းအဖြေရှာကြမှသာလျှင် နိုင်ငံရေးတည်ငြိမ်ပြီး၊ စီးပွားရေးလည်း ဖွံ့ဖြိုးတိုးတက်လာနိုင်မည် ဖြစ်ပါသည်။

လက်ရှိအနေအထားအရ သက်ဆိုင်သူများအားလုံးပါဝင်ခွင့်ရပြီး ပွင့်လင်းရိုးသားစွာ တွေ့ဆုံဆွေးနွေးကြရန် အခြေအနေများကလည်း အထူးတလည် တောင်းဆိုနေပြီဖြစ်သည်။ တွေ့ဆုံဆွေးနွေးခြင်း၏ မှန်ကန်သောသဘောတရားမှာ တိုင်းပြည်နှင့်ပြည်သူလူထု၏ အကျိုးကိုသာကြည့်ပြီး တစ်ဘက်နှင့်တစ်ဘက် အပေးအယူပြုလုပ်ကြခြင်းဖြစ်ပါသည်။ ပြောင်းလဲဖြစ်ပေါ်တိုးတက်နေသော ကမ္ဘာ့အနေအထားနှင့် ပြည်တွင်းအနေအထားတို့ကို ဆင်ခြင်သုံးသပ်ကြလျက် အခြေအနေ အချိန်အခါနှင့် လိုက်လျောညီစွာ တွေ့ဆုံဆွေးနွေးခြင်းကို အချိန်မနှောင်းမီ ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

သို့ပါ၍ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် နိုင်ငံရေးအနှစ်သာရပြည့်ဝသည့် တွေ့ဆုံဆွေးနွေးပွဲများ အထမြောက် အောင်မြင်စေရန် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက သာယာသော နိုင်ငံရေးပတ်ဝန်းကျင် အခြေအနေကောင်းများကို ဖန်တီးပေးရန် လိုအပ်ပေသည်။ ထို့ကြောင့် . . .

(က) အမျိုးသားအာဇာနည်ခေါင်းဆောင်ကြီး၊ လွတ်လပ်ရေးဗိသုကာကြီး၊ တပ်မတော်၏ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ သမီးဖြစ်သူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်အား စည်းကမ်းချက်များဖြင့် ယခုကဲ့သို့ နေအိမ်တွင် ထပ်မံထိန်းသိမ်းထားခြင်းမှာ ဖြစ်သင့်ဖြစ်ထိုက်သော ကိစ္စမဟုတ်ပါ၍ ခြွင်းချက်မရှိ အမြန်ဆုံး ပြန်လွှတ်ပေးရန်၊

(ခ) မိမိနိုင်ငံတွင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများရရှိရန် အစဉ်တစိုက် ကြိုးပမ်းအားထုတ်မှုများကြောင့် နေအိမ်တွင်ထိန်းသိမ်းခြင်းခံနေရသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင်ဦးအား ခြွင်းချက်မရှိ အမြန်ဆုံး ပြန်လွှတ်ပေးရန်၊

(ဂ) တိုင်းရင်းသားလူမျိုးစုများ မပါဝင်ဘဲ စစ်မှန်သော ဒီမိုကရေစီပြည်ထောင်စုမြန်မာနိုင်ငံတော်ကို တည်ဆောက်နိုင်မည်မဟုတ်သောကြောင့် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ခွန်ထွန်းဦး၊ အတွင်းရေးမှူး စိုင်းညွှန့်လွင်နှင့် အခြား တိုင်းရင်းသားခေါင်းဆောင်များအား နှစ်ရှည်လများ ပြစ်ဒဏ်ကျခံနေရခြင်းမှ ခြွင်းချက်မရှိ အမြန်ဆုံး ပြန်လွှတ်ပေးရန်၊

(ဃ) မိမိတို့၏ နိုင်ငံရေးယုံကြည်ချက်ကြောင့်လည်းကောင်း၊ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော် ပြသခဲ့ကြသောကြောင့်လည်းကောင်း ဖမ်းဆီးထိန်းသိမ်းခြင်း၊ ပြစ်ဒဏ်ကျခံနေရသော ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ (၈၈)မျိုးဆက်ကျောင်းသားခေါင်းဆောင်များနှင့် ဒီမိုကရေစီအင်အားစုများအပါအဝင် နိုင်ငံရေးအကျဉ်းသားများအားလုံးကို ခြွင်းချက်မရှိ အမြန်ဆုံး ပြန်လွှတ်ပေးရန်၊

(င) နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ တရားဝင်ရပ်တည်နေသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အဆင့်ဆင့်သော စည်းရုံးရေးအဖွဲ့ရုံးများအား သက်ဆိုင်ရာအာဏာပိုင်တို့က ဥပဒေနှင့်ညီညွတ်ခြင်းမရှိဘဲ ခေတ္တဟုဆိုပြီး ယနေ့အထိ (၆)နှစ်ကျော်သည့်တိုင် ကာလကြာရှည်စွာ ချိပ်ပိတ်ထားခြင်းမှ အမြန်ဆုံး ပြန်လည်ဖွင့်လှစ်ပေးရန်နှင့် လွတ်လပ်စွာ စည်းရုံးလှုပ်ရှားခွင့်ပြုရန်၊

(စ) ၁၉၉၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင် အနိုင်ရရှိခဲ့ပြီးမှ ဖျက်သိမ်းခြင်းခံထားရသော တိုင်းရင်းသားနိုင်ငံရေးပါတီများကို ပြန်လည်မှတ်ပုံတင်ခွင့်ပေး၍ လွတ်လပ်စွာ စည်းရုံးလှုပ်ရှားခွင့်ပေးရန်၊

တို့ကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ပြည်သူလူထု၏ဆန္ဒနှင့်အညီ စိတ်စေတနာ ထက်သန်စွာဖြင့် အမြန်ဆုံးဆောင်ရွက်ပေးပါရန် ဤလွတ်လပ်ရေးနေ့ နေ့ထူးနေ့မြတ် အခါသမယကြီးတွင် တိုက်တွန်းတောင်းဆိုလိုက်သည်။

၁၄–၁၂–၀၉ ရက်နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေးဆုံးဖြတ်ချက်အရ။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ်(၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၁၀ ခုနှစ်၊ ဇန်နဝါရီလ (၁၄)ရက်
၁၃၇၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် (၁၅)ရက်

## ကြေညာချက်အမှတ် – ၂ / ၀၁ / ၁၀

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို အောက်ပါပုဂ္ဂိုလ်တို့ဖြင့် တိုးချဲ့ တာဝန်ပေးလိုက်ပါသည်။

ဒေါက်တာသန်းငြိမ်း
ဦးအုန်းကြိုင်
ဦးဝင်းမြင့်
ဦးထွန်းထွန်းဟိန်
ဒေါက်တာဝင်းနိုင်
ဦးဉာဏ်ဝင်း
ဦးဟံသာမြင့်
ဦးသိန်းညွန့်
ဒေါက်တာမေဝင်းမြင့်

သို့ပါသဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များအဖြစ် အောက်ပါပုဂ္ဂိုလ်တို့က တာဝန်ယူသွားကြမည်ဖြစ်ပါသည်။

| | |
|---|---|
| ဦးအောင်ရွှေ | ဥက္ကဋ္ဌ |
| ဦးတင်ဦး | ဒုတိယဥက္ကဋ္ဌ |
| ဒေါ်အောင်ဆန်းစုကြည် | အထွေထွေအတွင်းရေးမှူး |
| ဦးလွင် | အတွင်းရေးမှူး |
| ဦးဝင်းတင် | အဖွဲ့ဝင် |
| ဦးခင်မောင်ဆွေ | အဖွဲ့ဝင် |
| ဦးသန်းထွန်း | အဖွဲ့ဝင် |
| ဦးစိုးမြင့် | အဖွဲ့ဝင် |
| ဦးလှဖေ | အဖွဲ့ဝင် |
| ဦးလွန်းတင် | အဖွဲ့ဝင် |
| ဦးညွန့်ဝေ | အဖွဲ့ဝင် |
| ဒေါက်တာသန်းငြိမ်း | အဖွဲ့ဝင် |
| ဦးအုန်းကြိုင် | အဖွဲ့ဝင် |
| ဦးဝင်းမြင့် | အဖွဲ့ဝင် |
| ဦးထွန်းထွန်းဟိန် | အဖွဲ့ဝင် |
| ဒေါက်တာဝင်းနိုင် | အဖွဲ့ဝင် |

| | |
|---|---|
| ဦးဉာဏ်ဝင်း | အဖွဲ့ဝင် |
| ဦးဟံသာမြင့် | အဖွဲ့ဝင် |
| ဦးသိန်းညွန့် | အဖွဲ့ဝင် |
| ဒေါက်တာမေဝင်းမြင့် | အဖွဲ့ဝင် |

၁၁-၁-၁၀ နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေးဆုံးဖြတ်ချက်အရ။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ်(၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၁၀ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂)ရက်
၁၃၇၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၁၄)ရက်

## ကြေညာချက်အမှတ် – ၃ / ၀၂ / ၁၀

ယနေ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဖြစ်ပေသည်။ တောင်တန်းများနေ တိုင်းရင်းသားလူမျိုးများနှင့် ပြည်မတွင်နေထိုင်ကြသည့်လူမျိုးများတို့သည် တွေ့ဆုံဆွေးနွေးအဖြေရှာခြင်းဖြင့် အချုပ်အခြာအာဏာပိုင် လွတ်လပ်သော မြန်မာနိုင်ငံတော်အဖြစ် တည်ဆောက်ကြရန် သဘောတူညီခဲ့ကြသည့်နေ့ ဖြစ်သည်။

ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း လူမျိုးရေးခွဲခြားခြင်းမရှိပါဘဲ တိုင်းရင်းသားလူမျိုးများ အားလုံးသည် စည်းလုံးညီညွတ်စွာ မိမိတို့တိုင်းပြည်ကို ကိုလိုနီနယ်ချဲ့စနစ်နှင့် ဖက်ဆစ်စနစ်တို့အောက်မှ လွတ်မြောက်ရန် တစ်ပြိုင်တည်းတိုက်ခိုက်တွန်းလှန်ခဲ့ကြပြီး လွတ်လပ်ရေးပြန်ရရှိရန်ကြိုးပမ်းအားထုတ်ခဲ့ကြသည့် နေ့ထူးနေ့မြတ်ကြီးဖြစ်သည်။

အမျိုးသားအာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အခြားတိုင်းရင်းသားခေါင်းဆောင်ကြီးများ၏ အမြော်အမြင်ကြီးမားမှု၊ တိုင်းပြည်အပေါ်အမှန်တကယ်ချစ်ခင်မြတ်နိုးမှု၊ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ယုံကြည်လေးစားမှုတို့ဖြင့် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂)ရက်နေ့တွင် ရှမ်းပြည်တောင်ပိုင်း၊ ပင်လုံမြို့၌ ပြည်ထောင်စုစိတ်ဓာတ် (ခေါ်) ပင်လုံစိတ်ဓာတ်ကို သန္ဓေတည်ခဲ့ခြင်းဖြစ်သည်။

မိမိနိုင်ငံ လွတ်လပ်ရေးပြန်လည်ရရှိရန်အတွက် ထူးချွန်ပြောင်မြောက်စွာ ကြိုးပမ်းကြရာတွင် ဗိုလ်ချုပ်အောင်ဆန်း၏ တိုင်းချစ်ပြည်ချစ်စိတ်ပြင်းပြမှု၊ အမျိုးသားရေးစိတ်ဓာတ်ပြည့်ဝမှု၊ ကိုယ်ကျိုးစွန့်အနစ်နာခံမှု၊ ရိုးသားဖြူစင်ဖြောင့်မတ်မှုတို့ကြောင့် တိုင်းရင်းသားခေါင်းဆောင်ကြီးများက ယုံကြည်ကြသဖြင့် “ပင်လုံစာချုပ်”ကို ချုပ်ဆိုနိုင်ခဲ့ခြင်း ဖြစ်သည်။

ပင်လုံစာချုပ်ကြီး အောင်မြင်စွာချုပ်ဆိုနိုင်ခဲ့ခြင်းမှာ အပေးအယူ အလျှော့အတင်းတို့ဖြင့် ညှိနှိုင်းဆွေးနွေးမှု၊ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်ကြီးများ၏ အမြော်အမြင်ကြီးမားမှု၊ လူမျိုးစွဲကင်းမှု၊ တစ်မျိုးသားလုံးအပေါ် ချစ်ခင်မြတ်နိုးမှုနှင့် စိတ်ရှည်ဇွဲသန် သည်းညည်းခံပြီး မနားမနေကြိုးပမ်းအားထုတ်ခဲ့မှုတို့ကြောင့်ဖြစ်ပါသည်။ ယနေ့ထက်တိုင် သမိုင်းဝင်လျက်ရှိသော ပင်လုံစာချုပ်မှာ နိုင်ငံရေးကို နိုင်ငံရေးနည်းလမ်းဖြစ်သည့် ငြိမ်းချမ်းစွာ တွေ့ဆုံဆွေးနွေးအဖြေရှာခြင်းနည်းကို ကျင့်သုံးအောင်မြင်စွာ ချုပ်ဆိုနိုင်ခဲ့ခြင်းဖြစ်ပါသည်။

ယင်း “ပင်လုံစာချုပ်”တွင် တိုင်းပြည်အတွက် အဓိကအရေးကြီးသည့် သဘောတူညီချက်များမှာ . . .

> “× × × နယ်စပ်ဒေသများအတွက် နယ်တွင်းအုပ်ချုပ်ရေးတွင် ကိုယ်ပိုင်အုပ်ချုပ်ရေး ရာခိုင်နှုန်းအပြည့်ရှိစေရမည်ဟူသောမူကို သဘောတူညီကြသည်။”

(ပင်လုံစာချုပ် အပိုဒ်–၅)

> “နယ်စပ်ဒေသများ၏နယ်သူနယ်သားများတို့သည် ဒီမိုကရေစီနိုင်ငံများတွင် အခြေခံများအဖြစ်အသိအမှတ်ပြုထားသော အခွင့်အရေးတို့ကို ခံစားနိုင်ခွင့်ရှိစေရမည်။”

(ပင်လုံစာချုပ် အပိုဒ်–၇)

တို့ဖြစ်ပါသည်။ ဤစာချုပ်ကြီးသည် မိမိတို့နိုင်ငံ လွတ်လပ်ရေးရရှိရန်အတွက် ရေးဆွဲရမည့် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခြေခံမူကြီးတစ်ရပ်ဖြစ်သည့်အပြင် ဒီမိုကရေစီသဘောတရားများနှင့် ပြည်ထောင်စုမူများကိုလည်း ကိုင်စွဲထားကြောင်းတွေ့ရှိရပါသည်။

"ပင်လုံစာချုပ်"သည် "ပြည်ထောင်စုစိတ်ဓာတ်"ကို မွေးဖွားပေးလိုက်ခြင်းဖြစ်သည်။ "ပြည်ထောင်စုစိတ်ဓာတ်"ဆိုသည်မှာ "ပင်လုံစာချုပ်"တွင် စာဖြင့်ရေးသားထားသည့်အချက်များ၊ စာချုပ်တွင်ရေးသားထားခြင်းမရှိဘဲ အစည်းအဝေးအသီးသီးတို့၌ ခေါင်းဆောင်ကြီးများအချင်းချင်းဆွေးနွေးကြပြီး အပြန်အလှန်သဘောတူညီမှုရှိသည့် အချက်များကို ပူးပေါင်း၍ "ပြည်ထောင်စုစိတ်ဓာတ်"ဟုခေါ်ပါသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်ကလည်း (၄၈) နှစ်မြောက် ပြည်ထောင်စုနေ့တွင် . . .

"ပင်လုံစိတ်ဓာတ်ဆိုတာတော့ တိုင်းရင်းသားများတန်းတူညီတူရေးနှင့် တန်းတူရေးအပေါ်အခြေခံတဲ့ ညီညွတ်မှုကိုရှေးရှုတဲ့ စိတ်ဓာတ်ကို ဆိုလိုတာပါ။"

ဟု အမိပွာယ်ဖွင့်ဆိုခဲ့သည်။ တစ်ဖန် ၂၀၀၃ ခုနှစ်၊ ဧပြီလ (၂၃)ရက်နေ့က ကျင်းပခဲ့သော သတင်းစာရှင်းလင်းပွဲ၌ . . .

"ပင်လုံစိတ်ဓာတ်ဟာ တိုင်းရင်းသားများရဲ့စိတ်မှာ ရှင်သန်နေဆဲဖြစ်ပါတယ်။ စစ်မှန်တဲ့ ပြည်ထောင်စုတစ်ခုကို လိုလိုလားလား ထောက်ခံမယ်လို့ ကျမယုံကြည်ပါတယ်။ × × × × × ပြည်ထောင်စုစိတ်ဓာတ်ဟာ ကျမတို့ရဲ့တိုင်းရင်းသားများအတွင်းမှာ ရှင်သန်နေတဲ့အတွက်ကြောင့် ဒီစိတ်ဓာတ်ကို သင့်တော်တဲ့နိုင်ငံရေးစနစ်နဲ့ ကျမတို့ပြည်သူအားလုံးကို အခြေခံအခွင့်အရေးများအာမခံမယ်၊ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေတို့နဲ့ ပြုစုပျိုးထောင်ရပါလိမ့်မယ်။"

ဟု ပြောကြားခဲ့သည်။

ထို့အပြင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း(ယာယီ)နှင့် မူဝါဒသဘောထားများ(မူကြမ်း)တွင် တိုင်းရင်းသားလူမျိုးများအရေးနှင့်စပ်လျဉ်း အောက်ပါအတိုင်း အလေးအနက်ထည့်သွင်းထားပါသည်။

"× × × တိုင်းရင်းသားလူမျိုးများ၏ပြဿနာကို ဦးစားပေးအလေးထားကာ ဖြေရှင်းကြမည်။ တိုင်းရင်းသားလူမျိုးများအားလုံး၏ တန်းတူရည်တူအခွင့်အရေးများကို အသိအမှတ်ပြုခြင်း၊ စိတ်ထားစေတနာဖြူစင်ခြင်း၊ ချစ်ကြည်ရင်းနှီးခြင်း၊ တစ်ဦး၏အယူအဆကို တစ်ဦးကလေးစားခြင်း၊ အခြေခံလူ့အခွင့်အရေးများ လေးစားယုံကြည်ခြင်း၊ တိုင်းရင်းသားလူမျိုးများ၏ စာပေ၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းစဉ်လာ ဖွံ့ဖြိုးတည်တွန်းစေလိုသောဆန္ဒအား လိုက်လျောခြင်းတို့ကို အခြေပြုလျက် အကောင်းဆုံးအဖြေကိုရရှိသည်အထိ ကြိုးပမ်းမည်။"

"× × × တိုင်းရင်းသားလူမျိုးများ၏ မွေးရာပါအခွင့်အရေးများ ခံစားပြည့်ဝရေးနှင့် ပြည်ထောင်စုကြီးတစ်ခုလုံးသာယာဝပြောရေးတို့ သဟဇာတဖြစ်စေမည့်မှုကို လက်ကိုင်ကျင့်သုံး ပြည်နယ်များ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကိုဖော်ထုတ်မည်။"

ဤသည်တို့မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က တိုင်းရင်းသားလူမျိုးများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် အကျိုးခံစားခွင့်များကို ခိုင်မာစွာတန်ဖိုးထား လေးစားခြင်းဖြစ်ပေသည်။

ယနေ့အချိန်အခါတွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်ကြီးများ အုပ်မြစ်ချတည်ဆောက်ပေးခဲ့သော ပင်လုံစိတ်ဓာတ် သို့မဟုတ် ပြည်ထောင်စုစိတ်ဓာတ် မည်မျှအတိုင်းအတာအထိ ရှင်သန်ဖွံ့ဖြိုးခိုင်မာနေပြီဆိုသည်ကို ဆန်းစစ်သုံးသပ်ကြည့်ရန် အမှန်တကယ်လိုအပ်နေပါသည်။ ယနေ့အချိန်အခါတွင် ပင်လုံစာချုပ်၏ရည်ရွယ်ချက်များ ဆိတ်သုဉ်းနေသလို၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားနေပြီး ဒီမိုကရေစီအခွင့်အရေးများလည်း ဆုံးရှုံးနေပါသည်။ ထို့ကြောင့် တစ်မျိုးသားလုံးပြန်လည်သင့်မြတ်ရေးမှာ ကွယ်ပျောက်လျက်ရှိနေပါသည်။

မိမိတို့ မြန်မာနိုင်ငံတော်တွင် အဓိကလူမျိုးစုများဖြစ်ကြကုန်သော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း တိုင်းရင်းသားများနှင့် လူမျိုးစုများတို့သည် စုပေါင်းနေထိုင်ကြ တစ်မြေတည်းနေ တစ်ရေတည်းသောက်လျက်ရှိကြပါသည်။ တိုင်းရင်းသားလူမျိုးများတွင် ပြောဆိုသည့်ဘာသာစကား၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများနှင့် ကိုးကွယ်သည့်ဘာသာများ မတူကွဲပြား ခြားနားခြင်းတို့ကြောင့် အမှန်တကယ် တည်ငြိမ်အေးချမ်းပြီး သာယာဝပြော ဖွံ့ဖြိုးတိုးတက်စေရန် ဒီမိုကရေစီနိုင်ငံတော်ကို မလွဲမသွေ တည်ဆောက်ကြရမည်ဖြစ်သည်။

မိမိတို့တိုင်းပြည်တွင် အမှန်တကယ်ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်နိုင်ရန် ပျက်ပြားနေသော အမျိုးသားပြန်လည်သင့်မြတ်ရေး သို့မဟုတ် တိုင်းရင်းသားများသွေးစည်းညီညွတ်

ရေးကို အမြန်ဆုံး မဖြစ်မနေပြန်လည်တည်ဆောက်ကြရပါမည်။ ဤသို့ တိုင်းပြည်တွင် အထူးလိုအပ်နေသော အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးတို့ကို အကောင်အထည်ဖော်ရန် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတွင် အဓိကတာဝန်ရှိနေပါသည်။ သက်ဆိုင်သူများအားလုံးပါဝင်သော တွေ့ဆုံဆွေးနွေး ညှိနှိုင်းအဖြေရှာခြင်းပြုလုပ်ရန် အထူးလိုအပ်လျက်ရှိပါသည်။

မည်သည့် နိုင်ငံရေးပြဿနာများကိုမဆို တွေ့ဆုံဆွေးနွေး ညှိနှိုင်းအဖြေရှာခြင်းမရှိဘဲ မည်သို့မျှ ပြေလည်အောင်ဖြေရှင်းနိုင်မည်မဟုတ်ပါ။ ထိုနည်းတူ အမျိုးသားပြန်လည်သင့်မြတ်ရေးမရှိဘဲ တည်ငြိမ်အေးချမ်းသောပြည်ထောင်စုမြန်မာနိုင်ငံတော်ကို မည်သို့မျှတည်ဆောက်နိုင်မည်မဟုတ်ပါ။ နိုင်ငံတကာတွင်လည်း မည်သည့်ပဋိပက္ခများ၊ ပြဿနာများကိုမဆို အင်အားသုံးဖြေရှင်းခြင်းမပြုဘဲ တစ်ဘက်နှင့်တစ်ဘက် တွေ့ဆုံဆွေးနွေးခြင်းဖြင့် ပြေလည်သွားကြသည့်သာဓကများလည်း ရှိနေပါသည်။

ထို့ကြောင့် အမျိုးသားပြန်လည်သင့်မြတ်ရေးမှသည် တိုင်းရင်းသားလူမျိုးများအားလုံး သွေးစည်းညီညွတ်ပြီး အစွန့်ရှည် တည်တံ့ခိုင်မြဲသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို တည်ထောင်နိုင်ရန်အတွက် ပကတိအခြေအနေများ၏တောင်းဆိုချက်များနှင့်အညီ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက နိုင်ငံရေးပတ်ဝန်းကျင်အခြေအနေကောင်းများကိုဖန်တီးပေးရန် အထူးလိုအပ်ပေသည်။

သို့ပါ၍ . . .

(က) အမျိုးသားအာဇာနည်ခေါင်းဆောင်ကြီး၊ လွတ်လပ်ရေးဖိသုကာကြီး၊ တပ်မတော်၏ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏သမီးဖြစ်သူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်အား စည်းကမ်းချက်များဖြင့် ယခုကဲ့သို့ နေအိမ်တွင်ထပ်မံထိန်းသိမ်းထားခြင်းမှာ ဖြစ်သင့်ဖြစ်ထိုက်သော ကိစ္စမဟုတ်ပါ ခြွင်းချက်မရှိ အမြန်ဆုံးပြန်လွှတ်ပေးရန်၊

(ခ) မိမိနိုင်ငံတွင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများရှိရန် အစဉ်တစ်စိုက် ကြိုးပမ်းအားထုတ်မှုများကြောင့် နေအိမ်တွင် ထိန်းသိမ်းခြင်းခံနေရသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင်ဦးအား ခြွင်းချက်မရှိ အမြန်ဆုံးပြန်လွှတ်ပေးရန်၊

(ဂ) တိုင်းရင်းသားလူမျိုးစုများမပါဝင်ဘဲ စစ်မှန်သော ဒီမိုကရေစီပြည်ထောင်စုမြန်မာနိုင်ငံတော်ကို တည်ဆောက်နိုင်မည်မဟုတ်သောကြောင့် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ခွန်ထွန်းဦး၊ အတွင်းရေးမှူး စိုင်းညွန့်လွင်နှင့် အခြားတိုင်းရင်းသားခေါင်းဆောင်များအား နှစ်ရှည်လများပြစ်ဒဏ်ကျခံနေရခြင်းမှ ခြွင်းချက်မရှိ အမြန်ဆုံးပြန်လွှတ်ပေးရန်၊

(ဃ) မိမိတို့၏နိုင်ငံရေးယုံကြည်ချက်ကြောင့်လည်းကောင်း၊ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော် ပြသခဲ့ကြသောကြောင့်လည်းကောင်း၊ ဖမ်းဆီးထိန်းသိမ်းခြင်း၊ ပြစ်ဒဏ်ကျခံနေရသော ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ (၈၈) မျိုးဆက်ကျောင်းသားခေါင်းဆောင်များနှင့် ဒီမိုကရေစီအင်အားစုများအပါအဝင် နိုင်ငံရေးအကျဉ်းသားများအားလုံးကို ခြွင်းချက်မဲ့ အမြန်ဆုံးပြန်လွှတ်ပေးရန်၊

(င) နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေနှင့်အညီ တရားဝင်ရပ်တည်နေသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အဆင့်ဆင့်သော စည်းရုံးရေးအဖွဲ့များအား သက်ဆိုင်ရာအာဏာပိုင်တို့က ဥပဒေနှင့်ညီညွတ်ခြင်းမရှိဘဲ ခေတ္တဟုဆိုပြီး ယနေ့အထိ (၆)နှစ်ကျော်သည့်တိုင် ကာလကြာရှည်စွာ ချိပ်ပိတ်ထားခြင်းမှ အမြန်ဆုံးပြန်လည် ဖွင့်လှစ်ပေးရန်နှင့် လွတ်လပ်စွာစည်းရုံးလှုပ်ရှားခွင့်ပြုရန်၊

(စ) ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်အနိုင်ရခဲ့ပြီးမှ ဖျက်သိမ်းခြင်းခံထားရသော တိုင်းရင်းသားနိုင်ငံရေးပါတီများကို ပြန်လည်မှတ်ပုံတင်ခွင့်ပေး၍ လွတ်လပ်စွာ စည်းရုံးလှုပ်ရှားခွင့်ပေးရန်၊

တို့ကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ပြည်သူလူထု၏ဆန္ဒနှင့်အညီ စိတ်စေတနာ ထက်သန်စွာဖြင့် အမြန်ဆုံးဆောင်ရွက်ပေးပါရန် ဤပြည်ထောင်စုနေ့ နေ့ထူးနေ့မြတ် အခါသမယကြီးတွင် တောင်းဆိုလိုက်သည်။

ခင်ကျော်ဟန် (ရေနံချောင်း)

၂၅-၁-၁၀ ရက်နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေး ဆုံးဖြတ်ချက်အရ။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့

ခင်ကျော်ဟန် (ရေနံချောင်း)

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ်(၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၁၀ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၇)ရက်
၁၃၇၁ ခုနှစ်၊ တပေါင်းလဆန်း (၅)ရက်

## ကြေညာချက်အမှတ် – ၄ / ၀၂ / ၁၀

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဒုတိယဥက္ကဋ္ဌ ဦးတင်ဦးသည် ၂၀၁၀ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၃)ရက်နေ့ ည(၈း၃၀)နာရီတွင် နေအိမ်အကျယ်ချုပ်မှ ပြန်လည်လွတ်မြောက်လာသည့်အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က လှိုက်လှဲစွာ ကြိုဆိုပါသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဒုတိယဥက္ကဋ္ဌ ဦးတင်ဦးသည် မိမိတို့နိုင်ငံတွင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများ ရရှိရေးအတွက် အဖွဲ့ချုပ်၏ ဒုတိယဥက္ကဋ္ဌ တာဝန်၊ ဗဟိုဥပဒေအထောက်အကူပြုအဖွဲ့၏ ဥက္ကဋ္ဌ တာဝန်၊ ဗဟိုလူမှုအထောက်အကူပြုအဖွဲ့၏ ဥက္ကဋ္ဌ တာဝန်များကို ပြန်လည်ထမ်းဆောင်နေပြီဖြစ်ကြောင်း ကြေညာလိုက်သည်။

ထို့အပြင် တွေ့ဆုံဆွေးနွေးရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးတို့အတွက် အစဉ်တစ်စိုက် ကြိုးပမ်းနေသော အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်အပါအဝင် တိုင်းရင်းသားလူမျိုးများ၊ (၈၈) မျိုးဆက် ကျောင်းသားခေါင်းဆောင်များ စသည့် နိုင်ငံရေးအကျဉ်းသားအားလုံးကို ခြွင်းချက်မရှိ အမြန်ဆုံး ပြန်လည်လွှတ်ပေးရန် တောင်းဆိုလိုက်သည်။

၁၅–၂–၁၀ နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေးဆုံးဖြတ်ချက်အရ။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့။